## ၁၁။ နှမ်းရွက်လိပ်ပိုး

**Sesame Leaf roller : *Antigastra catlaunalis* (Duponchel, 1833)**

**Lepidoptera: Crambidae**

## ဖျက်ကောင်ပုံသဏ္ဌာန်များ

 

လောက်ကောင်သည် ဦးခေါင်းပိုင်းမှာညို၍ ခန္ဓာကိုယ်မှာ အစိမ်း ရောင်ရှိပြီး ရှည်သည်။ အကောင်ကြီးသည် လိမ္မော်ညိုရောင်ရှိပြီး အရှေ့အတောင်သည် တြိဂံပုံ သဏ္ဌာန် အဖျားတွင် ချွန်သွားသည်။ အတောင်အစင်းများအား အရှေ့တောင်တွင် ပိုမို တွေ့ရှိရပါသည်။

## ဖျက်ဆီးပုံလက္ခဏာများ

 

နှမ်းသီးတောင့်မပေါ်မီ ဥမှပေါက်သော လောက်ကောင်သည် အပင်ထိပ်ရှိ အရွက်နု များအား စားသောက်ဖျက်ဆီးသည်။ ရုံဖန်ရုံခါ ပင်စည်နှင့် အသီးထဲသို့ ထိုးဖောက် စားသောက်သည်။ နောက်ဆုံးအဆင့်တွင် အသီးအပွင့်များအား ဖျက်ဆီး ကြသည်။ ပြင်းထန်စွာ ကျရောက်ပါက အပင်ထိပ်ရှိ အရွက်များ လောင်ကျွမ်းသွားသည်။

## ဘဝစက်ဝန်း

| | |
|---|---|
| ဥ အဆင့် | – (၂-၄ ) ရက် |
| လောက်ကောင်အဆင့် | – (၁၀-၁၂) ရက် |
| ရုပ်ဖုံးအဆင့် | – (၆-၈) ရက် |
| အကောင်ကြီးအဆင့် | – (၅-၁၀) ရက် |

## ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ

(၁)ပိုးကျနေသော အရွက်များအားဖယ်ရှားမီးရှို့ပါ။

(၂)ထိသေစားသေအာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်း အတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ စနစ်တကျ ခူးဆွတ်ပါ။

- ဆိုင်ပါမီသရင် (Cypermethrin)
- လန်မ်ဒါဆိုင်ဟေလိုသရင် (Lambda-Cyhalothrin)
- ဖလူဗန်ဒိုင်ရာမိုက် (Flubendiamide)